**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၄၇ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )

**လယ်ယာမြေကို အခြားနည်း သုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲထားမှုများကို ဖြေရှင်းဆောင်ရွက်ရေးအတွက် **“လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ဒုတိယမြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | ဒုတိယမြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ လယ်ယာမြေကိုအခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက်ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure–SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လယ်ယာမြေပေါ်၌ ခွင့်ပြုချက်မရရှိဘဲ အခြားနည်းစတင်ကျူးလွန်အသုံးပြုထားခဲ့သည့် ရက်သည့် ၃၁ - ၈ - ၂၀၁၂ ရက်ကာလမတိုင်မီနှင့် နောက်ပိုင်းကာလဟူ၍ ခွဲခြားစိစစ်တင်ပြလာခြင်းအပေါ် အတည်ပြုခြင်း၊

(ခ) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ အခြားနည်းအသုံးပြုနေသောကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ယခင်ကျူးလွန်ခဲ့မှုများနှင့် ယခုကျူးလွန်ဆဲဖြစ်ရပ်များကို ကာလအပိုင်းအခြား ခွဲခြားသတ်မှတ်ခြင်းနှင့် စာရင်းကောက်ယူစိစစ်ခြင်းနည်းလမ်းကို သတ်မှတ်ပေးနိုင်ရေး စိစစ်တင်ပြခြင်း၊

(ဂ) လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(Standard Operating Procedure – SOP)ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ၏ အကြံပြုချက်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီတို့မှ တင်ပြလာမှုများအပေါ် စိစစ်ခြင်း၊ သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ဃ) ယခင်ကျူးလွန်ခဲ့မှုများကို ဥပဒေအရ အရေးယူခြင်း၊ ဖျက်သိမ်းဖယ်ရှားခြင်းနှင့် လယ်ယာမြေဥပဒေပုဒ်မ ၃ (က) ပါ "မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများမပါဝင် " ဟူသော ခြွင်းချက်စကားရပ်အရ လယ်ယာမြေနှင့် အကျုံးမဝင်ကြောင်းသတ်မှတ်ပေးရန် သင့် / မသင့်စိစစ်တင်ပြခြင်းနှင့် သတ်မှတ်ပေးရန် သင့်လျော်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ညှိနှိုင်းအကြောင်းကြားခြင်း၊

(င) ကျူးလွန်ဆဲဖြစ်ရပ်များကို ဥပဒေအရအရေးယူခြင်း၊ ဖျက်သိမ်းဖယ်ရှားခြင်းနှင့် လယ်ယာမြေဥပဒေအရ ခွင့်ပြုပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များ စိစစ်တင်ပြပေးခြင်း၊

(စ) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် စာရင်းကောက်ယူရာ၌ အသုံးပြုရန်လိုအပ်မည့်ပုံစံများ တစ်ပြေးညီဖြစ်စေရေးအတွက် ပုံစံမူကြမ်းများ သတ်မှတ်ပေးခြင်း၊

(ဆ) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှုများတွင် အစိုးရဌာနအဖွဲ့အစည်းတို့၏ အသုံးပြုမှုများနှင့် သာသနာရေး/ ဘာသာရေးဆိုင်ရာ အသုံးပြုမှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်သင့်သည့် နည်းလမ်းများကို အဆိုပြုတင်ပြခြင်း၊

(ဇ) လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှုများတွင် စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုမှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်သင့်သည့် နည်းလမ်းများကို အဆိုပြုတင်ပြခြင်း၊

(ဈ) လယ်ယာမြေဥပဒေပုဒ်မ ၁၉ (က) အရ ဒဏ်ကြေးသတ်မှတ်မည်ဆိုပါက သတ်မှတ်သင့်သည့် တွက်ချက်မှုနည်းလမ်းကို အတည်ပြုပေးခြင်း၊

(ည) နောင်တွင်လယ်ယာမြေများကို ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုမှုမရှိစေရေးအတွက် ဆောင်ရွက်သင့်သော နည်းလမ်းများကို အဆိုပြုတင်ပြပေးခြင်း၊

(ဋ) ကျူးလွန်အသုံးပြုထားသော အဆောက်အဦအား ဖျက်သိမ်းလိုက်ပါက စိုက်ပျိုးနိုင်သော လယ်ယာမြေအဖြစ် ပြန်လည်ရောက်ရှိနိုင်ခြင်း ရှိ/မရှိကိုလည်း သုံးသပ်တင်ပြခြင်း၊

(ဌ) ယခုကျူးလွန်အဆောက်အဦကြောင့် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများအပေါ် ထိခိုက်နိုင်မှု ရှိ / မရှိ စိစစ်တင်ပြပေးခြင်း၊

(ဍ) ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေလုပ်ငန်းကော်မတီများမှ တင်ပြလာသည့် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ လမ်းညွှန်မှုခံယူခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး